# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၉) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၂ |
| ၂။ | “Sunset Law” အကြောင်း တစ်စေ့တစ်စောင်း။ | ၃-၄ |
| ၃။ | ထိုင်းနိုင်ငံစက်မှုလုပ်ငန်းများအဖွဲ့ချုပ်- FTI က ထိုင်းနိုင်ငံ၏အမျိုးသားစွမ်းအင် မူဝါဒအပေါ် တိုက်တွန်းခြင်း။ | ၅-၇ |
| ၄။ | အင်တာနက်အွန်လိုင်းတွင် အလွဲသတင်းများနှင့်လုပ်ကြံဖန်တီးသည့်သတင်းများ လွှင့်တင်ခြင်းကိုတိုက်ဖျက်ရန် ဩစတြေးလျနိုင်ငံအစိုးရက ဆောင်ရွက်နေခြင်း။ | ၈-၉ |
| ၅။ | ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ရန် ကုလသမဂ္ဂက အထင်ကရ ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာသဘောတူစာချုပ်ကို အတည်ပြုခြင်း။ | ၁၀-၁၁ |

## စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဖွဲ့စည်းခြင်းကို ၁၈-၁၂-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၄ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၄ အရ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အတွင်းရေးမှူးအဖြစ် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ အဖွဲ့ဝင်များအဖြစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်း၊ကာကွယ်ရေးဝန်ကြီးဌာနစစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ယင်းကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သီးခြားထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ

ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စက်မှုဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၄၉) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်

## "Sunset Law" အကြောင်း တစ်စေ့တစ်စောင်း

"Sunset Law" ဆိုသည့် စကားရပ်ကို သက်တမ်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ၊ ယာယီအစီအမံဥပဒေ၊ ဥပဒေသက်တမ်းကုန်ဆုံးခြင်းစနစ်ဆိုင်ရာဥပဒေ၊ နောက်ဆုံးကာလ သတ်မှတ်ခြင်းဆိုင်ရာဥပဒေ၊ ဥပဒေသက်တမ်းစီမံခြင်းဆိုင်ရာဥပဒေ သို့မဟုတ် နေဝင်ချိန်ပြဋ္ဌာန်းချက်များ စသည်ဖြင့် အမည်အမျိုးမျိုးသတ်မှတ်ခေါ်ဝေါ်ကြပါသည်။

http://www.law.cornell.edu တွင် A Sunset Law, also known as a sunset provision, is a law that automatically terminates an agency, a law or a government program, that fails to procure legislature approval beyond a fixed period of time.

မည်သို့ပင်ဆိုစေကာမူ "Sunset Law" ဆိုသည်မှာ တရားဥပဒေတစ်ရပ် သို့မဟုတ် အစိုးရအစီအစဉ်တစ်ခုသည် သတ်မှတ်ထားသော ကာလတစ်ခုအတွင်း သက်တမ်းကုန်ဆုံးသွားမည်ဖြစ်ပြီး အဆိုပါသက်တမ်းမကုန်ဆုံးမီ အစိုးရ သို့မဟုတ် ပြည်သူ့ကိုယ်စားလှယ်များက ထိုဥပဒေ သို့မဟုတ် ထိုအစီအစဉ်ကိုဆန်းစစ်၍ သက်တမ်းတိုးရန် သင့် မသင့် စိစစ်ရန်လိုအပ်ပါသည်။

လွန်ခဲ့သော နှစ် ၂၀ ကျော်ကတည်းကပင် အမေရိကန်၊ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံတို့သည် "Sunset Law" ကို အမျိုးမျိုးသောပုံစံနှင့်ကိစ္စရပ်များတွင် အကောင်အထည်ဖော် အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ဥပမာအနေဖြင့် Canadian Anti-Terrosism Act-2001 တွင် ပုဒ်မအချို့၌ သက်တမ်းကုန်ဆုံးချိန်တွင် လုပ်ဆောင်ရမည့်ဆန်းစစ်မှုများအပိုင်းကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် "Sunset Law" or "Sunset provision" ကို ဥပဒေအချို့တွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည်ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

- The URBBAN RENT CONTROL ACT,1948, Section 1(3) တွင် The Act shall come into force at once except the provision of sections 16A and 16B, which

shall come into force on such date as the Government may appoint in this behalf; and it shall be in force until the eighth day of October 1951:

- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ ပုဒ်မ ၇ တွင် "ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်။"

ယနေ့ခေတ်တွင် ဥပဒေများပြဋ္ဌာန်းလျက်ရှိသော်လည်း တည်ဆဲဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမှု ရှိ မရှိ ဆန်းစစ်သုံးသပ်လေ့လာမှုများ နည်းပါးသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စီမံခန့်ခွဲရေးနှင့်သက်ဆိုင်သောဥပဒေအချို့တွင် "Sunset Law" သို့မဟုတ်"Sunset provision"ကိုထည့်သွင်းပြဋ္ဌာန်းသင့်ပြီး ယင်းဥပဒေပါသတ်မှတ်သည့်သက်တမ်း မကုန်ဆုံးခင် ယင်းဥပဒေသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို အမှန်တစ်ကယ် ဖြစ်ထွန်းစေခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအပြင် ပြည်သူများကပါ ဆန်းစစ်မှုများလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါကြောင်း သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ထိုင်းနိုင်ငံစက်မှုလုပ်ငန်းများအဖွဲ့ချုပ် - FTI က ထိုင်းနိုင်ငံ၏ အမျိုးသားစွမ်းအင်မူဝါဒအပေါ် တိုက်တွန်းခြင်း

ထိုင်းနိုင်ငံစက်မှုလုပ်ငန်းများအဖွဲ့ချုပ် Federation of Thai Industries(FTI) သည် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန် အများပြည်သူနှင့်ပုဂ္ဂလိကဝန်ဆောင်မှုတစ်ခုကိုတည်ထောင်ရန်၊ တာဝန်ရှိသူများပါဝင်သည့်ကော်မတီတစ်ရပ်ကိုဖွဲ့စည်းရန် အစိုးရအားထပ်မံတောင်းဆိုလျက်ရှိပါသည်။ ထိုသို့တောင်းဆိုမှုသည် Donald Trump ၏အစိုးရတက်လာပြီးနောက် အမေရိကန်စွမ်းအင်မူဝါဒပြောင်းလဲမှုများနှင့်အတူ ပိုမိုအရေးပါခဲ့သည်။

လောင်စာသဘာဝဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုကို အဓိကသက်ရောက်မှုဖြစ်စေသည်ဟု ဝေဖန်ပြစ်တင်ကြသော်လည်း အမေရိကန်သမ္မတ Donald Trump သည် စက်မှုလုပ်ငန်းများကိုထောက်ပံ့ရန်၊သဘာဝဓာတ်ငွေ့စူးစမ်းရှာဖွေမှုနှင့်ထုတ်လုပ်မှုပိုမိုတိုးမြှင့်ရန် အထောက်အပံ့ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ထိုင်းနိုင်ငံအမျိုးသားသဘာဝဓာတ်ငွေ့နှင့်စွမ်းအင်အဖွဲ့အစည်းဖြစ်သည့် PTT Plc နှင့် FTI ၏ Petroleum Refining Industry Club တို့ ပူးပေါင်းကျင်းပသည့် 2024 Petroleum Outlook Forum တွင် ထိုင်းစက်မှုလုပ်ငန်းများအဖွဲ့ချုပ်(FTI) ဥက္ကဋ္ဌ Kriengkrai Thiennukul က အမေရိကန်သမ္မတ Donald Trump ၏ ကြေညာချက်နောက်ပိုင်း ဖြစ်ပေါ်လာမည့်အခြေအနေများကို သတိထားစောင့်ကြည့်ရန်လိုအပ်ပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် မိမိတို့နိုင်ငံ၏စွမ်းအင်စီမံခန့်ခွဲမှုအစီအစဉ်များကို ဂရုတစိုက်စီစဉ်ရန် လိုအပ်ကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ယင်းကိစ္စရပ်ကိုဆောင်ရွက်ရန် တစ်ဦးတစ်ယောက်တည်းဆောင်ရွက်ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့ပြင် စွမ်းအင်ထုတ်ယူမှုအတွက် အစိုးရ၏အငြင်းပွားဖွယ်အခြေအနေဖြစ်သည့် ထိုင်း-ကမ္ဘောဒီးယားနိုင်ငံတို့အကြား ထိုင်းပင်လယ်ကွေ့ရှိ နှစ်နိုင်ငံတောင်းဆိုချက်ထပ်နေသည့်ဧရိယာ (Overlapping Claims area- OCA) တွင် နှစ်နိုင်ငံပူးပေါင်း၍ ရေနံထုတ်လုပ်မှုဆိုင်ရာဆွေးနွေးပွဲကို ဆက်လက်ဆောင်ရွက်ရန်အစီအစဉ်အပေါ် စီးပွားရေးလုပ်ငန်းရှင်များထံမှ အကြံဉာဏ်များလိုအပ်

သည့်အပြင် နျူကလီးယားစွမ်းအင်ဆိုင်ရာနည်းပညာဖြစ်သည့် small modular reactor ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ကိုလည်း တွန်းအားတစ်ရပ်ဖြစ်စေကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် စွမ်းအင်ထုတ်လုပ်ရာ၌ ကုန်ကျစရိတ်မြင့်မားမှုသည် ကုန်ထုတ်လုပ်သူများ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုထိခိုက်နိုင်သည့်အတွက် စိုးရိမ်ကြောင်းနှင့် ထိုသို့ဖြစ်ပေါ်နေခြင်းသည် နိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သည့် ပို့ကုန်ကဏ္ဍအတွက် ကောင်းမွန်သည့်အချက်မဟုတ်ကြောင်း FTI က ပြောကြားခဲ့ပါသည်။

"အနာဂတ်တွင် ကုန်ထုတ်လုပ်သည့်ကဏ္ဍသည် လုပ်သားအင်အားအနည်းငယ်ကိုသာ အသုံးပြုလာမည်ဖြစ်ပြီး စွမ်းအင်သုံးစွဲမှု ပိုမိုမြင့်မားလာမည်"ဟု Kriengkrai Thiennukul က ပြောကြားခဲ့ပါသည်။

မျက်မှောက်ကာလတွင် စီးပွားရေးလုပ်ငန်းများသည် ပိုမိုခေတ်မီသောနည်းပညာများကို အသုံးပြုမှုများပြားလာရာ အထူးသဖြင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍကို ပိုမိုအသုံးပြုလာကြသည့်အတွက် လျှပ်စစ်စွမ်းအင်ကို ပိုမိုလိုအပ်လာပါသည်။ ကမ္ဘာကြီးသည် ဒေတာစင်တာများနှင့် cloud ဝန်ဆောင်မှုများအပါအဝင် အမျိုးမျိုးသော စက်မှုလုပ်ငန်းများတွင် သန့်ရှင်းသောလျှပ်စစ်စွမ်းအင် (သန့်ရှင်းသောလျှပ်စစ်စွမ်းအင်ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုမဖြစ်စေသည့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုဖြစ်ပါသည်။)ကို ပိုမိုလိုအပ်လာသည့်အတွက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုကို ပိုမိုမြှင့်တင်လျက်ရှိပါသည်။

အစောပိုင်းကာလများတွင် ထိုင်းနိုင်ငံသည် ဒေတာစင်တာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများကို ၎င်းတို့နိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပါသည်။ သို့ရာတွင် ယင်းကုမ္ပဏီများက အစိုးရအား သန့်ရှင်းသောစွမ်းအင်ကို ထိုင်းနိုင်ငံတွင် ဝယ်ယူရရှိနိုင်ရေးအတွက် ရှင်းပြရန် မေးမြန်းဆွေးနွေးခဲ့ပါသည်။

အမေရိကန်သမ္မတ Donald Trump လက်ထက်တွင် အမေရိကန်နိုင်ငံ၏ စွမ်းအင်မူဝါဒ ပြောင်းလဲမှုသည် ၂၀၅၀ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စုပ်ယူမှုအကြား မျှခြေတစ်ခု ဖြစ်သည့် net zero ရည်မှန်းချက်ကို အောင်မြင်မှုရရှိရန်ဖြစ်သည့် ဝါရှင်တန် DC ၏စီမံကိန်းအပေါ် သက်ရောက်မှုရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းရပါသည်။

သို့သော် ရေနံလုပ်ငန်းအပေါ် Trump ၏ ထောက်ခံမှုသည် တစ်ကမ္ဘာလုံးတွင် ရေနံဈေး အတက်အကျဖြစ်မှုကိုလျှော့နည်းစေခြင်း၏ နောက်ကွယ်မှအကြောင်းအရင်းဖြစ်ပြီး အမေရိကန် နိုင်ငံတွင် ကုန်စည်များဈေးနှုန်းတက်ခြင်းကို တားဆီးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.bangkokpost.com/business/general/2906465/review-of-national-energy-stance-urged

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၉) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်

## အင်တာနက်အွန်လိုင်းတွင် အလွဲသတင်းများနှင့် လုပ်ကြံဖန်တီးသည့်သတင်းများ လွှင့်တင်ခြင်းကို တိုက်ဖျက်ရန် ဩစတြေးလျနိုင်ငံအစိုးရက ဆောင်ရွက်နေခြင်း

အင်တာနက်အွန်လိုင်းတွင် မှန်ကန်မှုမရှိသည့် သတင်းအတုများနှင့်လုပ်ကြံဖန်တီးထားသည့် သတင်းအမှားများ လွှင့်တင်ခြင်းကြောင့် ဩစတြေးလျနိုင်ငံသားများ၏အကျိုးစီးပွားနှင့် ဘေးကင်းလုံခြုံမှုအပေါ် ထိခိုက်နစ်နာမှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် အဆိုပါအွန်လိုင်းသတင်းအတု၊သတင်းအမှားများတိုက်ဖျက်နိုင်ရေးအတွက် Combatting Misinformation and Disinformation Bill 2024 ကိုပြဋ္ဌာန်းနိုင်ရန် ဩစတြေးလျနိုင်ငံ၏ဆက်သွယ်ရေးဝန်ကြီးဌာနက ၁၂-၉-၂၀၂၄ ရက်နေ့တွင် ပါလီမန်သို့ တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေမူကြမ်းတွင် အလွဲသတင်း (misinformation)ဆိုသည်မှာ“မမှန်သော၊ လှည့်ဖြားသော၊ အထင်မှားစေသောအကြောင်းအရာကို အမှန်ထင်မှတ်သဖြင့် လိမ်ညာလှည့်ဖြားရန်ရည်ရွယ်ချက်မရှိဘဲ အင်တာနက်အွန်လိုင်းတွင်မျှဝေခြင်းဖြစ်သော်လည်း အဆိုပါပြုလုပ်မှုကြောင့် အပြင်းအထန်နစ်နာမှုကိုဖြစ်စေခြင်းကို ဆိုသည်။” (Misinformation refers to false, misleading, or deceptive content shared without intent to deceive but capable of causing serious harm ) ဟုလည်းကောင်း၊ လုပ်ကြံသတင်း (disinformation) ဆိုသည်မှာ “ မမှန်သော၊ လှည့်ဖြားသော၊ အထင်မှားစေသော အကြောင်းအရာကို လိမ်ညာလှည့်ဖြားရန် သို့မဟုတ် အပြင်းအထန်နစ်နာမှုကို ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အင်တာနက်အွန်လိုင်းတွင်မျှဝေခြင်းကို ဆိုသည်။” (Disinformation: Content that is false, misleading, or deceptive, shared with the intent to deceive or cause serious harm) ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရပါသည်။

အပြင်းအထန်နစ်နာမှု(serious harm) တွင် ရွေးကောက်ပွဲဆိုင်ရာနှောင့်ယှက်မှု၊ အများပြည်သူကျန်းမာရေးဆိုင်ရာခြိမ်းခြောက်မှု၊ လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများကို အသရေဖျက်မှု၊ ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရစေမှု၊ အရေးကြီးအခြေခံအဆောက်အအုံများကို ထိခိုက်ပျက်စီးစေမှုနှင့် စီးပွားရေးဆိုင်ရာထိခိုက်နစ်နာမှုတို့ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၉) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်

အဆိုပါဥပဒေ(မူကြမ်း) တွင် Digital Platform Providers များအနေဖြင့် ၎င်းတို့၏ platforms များတွင် အလွဲသတင်းများနှင့် လုပ်ကြံဖန်တီးသည့်သတင်းများ လွှင့်တင်ခြင်းကို တိုက်ဖျက်မည့်အစီအမံများဆောင်ရွက်ထားရှိရန်၊ အလွဲသတင်းများနှင့် လုပ်ကြံဖန်တီးသည့်သတင်းများကို အများပြည်သူသိရှိနိုင်ရေးဆောင်ရွက်ထားရန်နှင့် အများပြည်သူက တိုင်ကြားလာသည့်အခါ အရေးယူဆောင်ရွက်နိုင်ရေးအတွက် အစီအမံများဆောင်ရွက်ထားရန်တို့ပါရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါဥပဒေ(မူကြမ်း) အရ The Australian Communications and Media Authority (ACMA) သည် ကြီးကြပ်သူအာဏာပိုင်အဖွဲ့ဖြစ်ပြီး အလွဲသတင်းများနှင့် လုပ်ကြံဖန်တီးသည့်သတင်းများကို မှတ်တမ်းပြုစုခြင်း၊ တရားဝင်သတိပေးချက်များနှင့် စည်းကမ်းချိုးဖောက်မှုဆိုင်ရာအသိပေးချက်များထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များချမှတ်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်းတွေ့ရှိရပါသည်။

ဥပဒေပါစံနှုန်း(standards)သတ်မှတ်ချက်များကို ချိုးဖောက်သည့်အသင်းအဖွဲ့/ကော်ပိုရေးရှင်းများ (corporations) အနေဖြင့် ဒဏ်ငွေအများဆုံး ဩစတြေးလျဒေါ်လာ(AUD 6.875 million) သို့မဟုတ် တစ်ကမ္ဘာလုံး၏တစ်နှစ်ရောင်းအား ၅% ကိုလည်းကောင်း၊ ဥပဒေပါမှတ်ပုံတင်ထားသည့် သင်္ကေတစနစ် (registered codes) သတ်မှတ်ချက်များကို ချိုးဖောက်သည့်အသင်းအဖွဲ့/ကော်ပိုရေးရှင်းများ (corporations) အနေဖြင့် ဒဏ်ငွေအများဆုံး ဩစတြေးလျဒေါ်လာ (AUD 2.75 million) သို့မဟုတ် တစ်ကမ္ဘာလုံး၏တစ်နှစ်ရောင်းအား ၂% ကို လည်းကောင်း၊ လူပုဂ္ဂိုလ်များအနေဖြင့်လည်း ဥပဒေကို ချိုးဖောက်ပါက များပြားသည့်ဒဏ်ငွေပမာဏကိုလည်းကောင်း ပေးဆောင်ရမည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် : https://www.infrastructure.gov.au/

## ဒစ်ဂျစ်တယ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ရန် ကုလသမဂ္ဂက အထင်ကရ ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုခြင်း

ကုလသမဂ္ဂအထွေထွေညီလာခံက ဆယ်စုနှစ်နှစ်ခုကျော်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပထမဆုံး အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုဆိုင်ရာတရားမျှတမှုသဘောတူစာချုပ်ဖြစ်သည့် ကုလသမဂ္ဂဆိုက်ဘာ ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာသဘောတူညီချက်ကို အတည်ပြုခဲ့ပါသည်။

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာစနစ်ကိုအသုံးပြုပြီး ကျူးလွန်သည့် ရာဇဝတ်မှုများကိုဖြေရှင်းမည့်သဘောတူညီချက်ကို အဖွဲ့ဝင် ၁၉၃ ဦးပါဝင်သည့် အထွေထွေညီလာခံ သည်မဲပေးခြင်းမရှိဘဲ အတည်ပြုခဲ့ပါသည်။ အဆိုပါသဘောတူညီချက်သည် အွန်လိုင်းလိမ်လည်မှု နှင့်ဟက်ကာများမှ ပိုမိုပြင်းထန်သောပြဿနာများဖြစ်သည့် အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ မူးယစ် ဆေးဝါးမှောင်ခိုကူးမှုနှင့် ကလေးသူငယ်ခေါင်းပုံဖြတ်မှုကဲ့သို့သောပြစ်မှုများကို ပစ်မှတ်ထားပါသည်။

အဆိုပါသဘောတူညီချက်သည် ကြိုတင်ကာကွယ်ရေးကိုအလေးပေးပြီး အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် လေ့ကျင့်သင်ကြားမှုများတွင်ရင်းနှီးမြှုပ်နှံရန် နိုင်ငံများကို တိုက်တွန်းခဲ့ပြီး ဆိုက်ဘာမှုခင်းများ၏အန္တရာယ်များအကြောင်းအသိပညာပေးရန် ဦးစွာ လုပ်ဆောင်ခဲ့ပါသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် နည်းပညာအကူအညီနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် သဘောတူစာချုပ်အား အကောင်ထည်ဖော်မှုမဟာဗျူဟာတွင် အဓိကအစိတ်အပိုင်းများဖြစ်ပါသည်။

ထို့ပြင် သဘောတူညီချက်တွင် အီလက်ထရောနစ်သက်သေခံချက်မျှဝေခြင်းနှင့် ဥပဒေဆိုင်ရာ အပြန်အလှန်အကူညီပေးခြင်းတို့ပါဝင်သည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်စေမည့် နည်းလမ်းကို အစပြုခဲ့ပါသည်။

သဘောတူစာချုပ်သည် အထူးသဖြင့် အားနည်းချက်ရှိသည့်ဆိုက်ဘာရာဇဝတ်မှု၏ကျူးလွန်ခံ ရသူများအတွက် တရားမျှတမှုကို ဦးစားပေးပါသည်။ အဆိုပါစာချုပ်သည် အဖွဲ့ဝင်နိုင်ငံများအား ဝန်ဆောင်မှုများ၊ လျော်ကြေးငွေများနှင့် ထိခိုက်ခံရသည့်လူပုဂ္ဂိုလ်များအတွက် တရားဝင်နစ်နာကြေးပေးရန်

တိုက်တွန်းခဲ့ပါသည်။ တိကျသောပြဋ္ဌာန်းချက်များသည် ကလေးသူငယ်များအပေါ် အွန်လိုင်းလိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းကိုဖြေရှင်းပေးပြီး ICT စနစ်များမှတဆင့် ကျူးလွန်သည့်လုပ်ရပ်များကို ပြစ်မှုအဖြစ်သတ်မှတ်သည့် ပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာသဘောတူစာချုပ်ဖြစ်လာပါသည်။ ထို့ပြင် သဘောတူညီချက်တွင် ဆိုက်ဘာရာဇဝတ်မှုများတိုက်ဖျက်ရန် ဆောင်ရွက်ချက်များသည် လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များကိုလေးစားရန် နှင့် ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်နှင့် ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်း၏အရေးပါမှုကို အလေးပေးဖော်ပြခဲ့ပါသည်။

ကမ္ဘာ့ဘဏ်၏အဆိုအရ ကမ္ဘာ့လူဦးရေ၏ ၆၇.၄ ရာခိုင်နှုန်းသည် ၂၀၂၃ ခုနှစ်တွင် အင်တာနက်ကိုအသုံးပြု၍ ဘီလီယံနှင့်ချီသော ဆိုက်ဘာရာဇဝတ်မှုအန္တရာယ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။ အရှေ့တောင်အာရှကဲ့သို့သောဒေသများသည် ခေတ်မီသောရာဇဝတ်မှုကွန်ယက်များကြောင့် အန္တရာယ်မြင့်မားစွာ ရင်ဆိုင်နေရပါသည်။

အဆိုပါသဘောတူစာချုပ်အတည်ပြုခြင်းသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍတို့ပါဝင်သည့် ငါးနှစ်ကြာ ဆွေးနွေးညှိနှိုင်းမှုများကို အဆုံးသတ်စေခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့်အခမ်းအနား၌ သဘောတူညီချက်လက်မှတ်ရေးထိုးရန်ဖွင့်လှစ်မည်ဖြစ်ပြီး လက်မှတ်ရေးထိုးသည့်နိုင်ငံ ၄၀ မြောက်မှ အတည်ပြုပါဝင်ကြောင်းပေးပို့ပြီး ရက်ပေါင်း ၉၀ အကြာတွင်အသက်ဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်
လုပ်ငန်းစိစစ်ရေးဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

-https://www.jurist.org/news/2024/12/un-adopts-landmark-cybercrime-treaty-to-tackle-digital-threats/

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၉) ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

